# Information Sheet



**VOLUME X, ISSUE 26** 26 November 2021

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ်၏ (၂၂) ကြိမ်မြောက် ညီလာခံသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော် တက်ရောက် | ၁ |
| ၂ | အာရှနှင့် ပစိဖိတ်ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ | ၂ |
| ၃ | (၁၄၃)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် ASEAN + 3 အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် | ၃ |
| ၄ | မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ | ၄ |
| ၅ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၅ |
| ၆ | အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပျက်စီးဆုံးရှုံးခဲ့ရ | ၇ |
| ၇ | NUG အကြမ်းဖက်အဖွဲ့၏ထောက်ပံ့စေခိုင်းမှုဖြင့် KNU နယ်မြေအချို့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများဖွင့်လှစ် | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ကန့်ဘလူမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၂၂ |
| ၉ | ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အဦများအား PDF အကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး | ၂၃ |
| ၁၀ | ကန်ပက်လက်မြို့နယ်ရှိ CDF လက်နက်ကိုင်အကြမ်းဖက်အဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့အား မီးရှို့ဖျက်ဆီး | ၂၄ |
| ၁၁ | ရေးမြို့နယ်၌ ဘဏ္ဍာငွေများတင်ဆောင်သည့် မော်တော်ယာဉ်များ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခံရ | ၂၅ |
| ၁၂ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လက်လုပ်မိုင်း စမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး ၁ ဦးသေဆုံးပြီး ၂ ဦးဒဏ်ရာရရှိ | ၂၆ |
| ၁၃ | စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အကြမ်းဖက်သမားများက မြို့နယ်အချို့ရှိ NLD ပါတီဝင်များနှင့် ငွေကြေးထောက်ပံ့ပေးနေသူများအား လုပ်ကြံသတ်ဖြတ် | ၂၆ |

# Information Sheet

## အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ညီလာခံသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော် တက်ရောက်




နိုဝင်ဘာလ ၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ AFA အတွင်းရေးမှူးရုံးက ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက်ညီလာခံသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း နာယကပါမောက္ခ ဒေါက်တာကံဇော် ပါဝင်တက်ရောက်ခဲ့ပါသည်။

ညီလာခံတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က-

- စာရင်းကိုင်စံများကို အဆင့်မြှင့်တင်ရန် AFA နှင့် အာဆီယံနိုင်ငံများ၏ စာရင်းပညာရှင်များ ပူးပေါင်းဆောင်ရွက်၍ အကျိုးရလဒ်ဖြစ်ထွန်းမှုများကို ကြိုဆိုပါကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် AFA ၏ ဖွံ့ဖြိုးမှုစီမံကိန်းများတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ပြီး AFA နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ အာဆီယံဒေသတွင်းနိုင်ငံများအကြား အသိအမှတ်ပြုသဘောတူညီမှုတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် အာဆီယံဒေသတွင်းရှိ အာဆီယံလက်မှတ်ရ စာရင်းပညာရှင် ၅,၆၉၇ ဦးတွင် မြန်မာနိုင်ငံမှ အာဆီယံလက်မှတ်ရ စာရင်းပညာရှင် ၄၇၇ ဦး ပါဝင်ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံအနေဖြင့် AFA ၏ ဖွံ့ဖြိုးမှုစီမံကိန်းများတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ပြီး AFA နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့။**
- **အာဆီယံဒေသတွင်းရှိ အာဆီယံလက်မှတ်ရ စာရင်းပညာရှင် ၅,၆၉၇ ဦးတွင် မြန်မာနိုင်ငံမှ အာဆီယံလက်မှတ်ရ စာရင်းပညာရှင် ၄၇၇ ဦး ပါဝင်ဆောင်ရွက်နိုင်ပြီဖြစ်။**

# အာရှနှင့် ပစိဖိတ်ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ




ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့(PATA)မှ ဦးဆောင်၍ Ministry of Tourism, Arts & Culture Sarawak နှင့် Sarawak Tourism Boardတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Virtual PATA Destination Marketing Forum-2021ကို နိုဝင်ဘာလ ၂၅ ရက်မှ ၂၆ ရက်အထိ မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် ကူချင်းမြို့တွင် ကျင်းပလျက်ရှိပါသည်။

အဆိုပါအဖွဲ့၏ ဖိတ်ကြားချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်နှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

- အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလာရေးဝန်ကြီးများနှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက Virtual Tour များပြသခြင်း၊ ခရီးသွားလုပ်ငန်းအခြေအနေများနှင့် Best Practices of Covid-19 Recovery ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၅ ခုနှစ်မှစတင်၍ PATA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလာရေးဝန်ကြီးများနှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များက ခရီးသွားလုပ်ငန်းအခြေအနေများနှင့် Best Practices of Covid-19 Recovery ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုများပြုလုပ်ခဲ့။**

# (၁၄၃) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် ASEAN + 3 အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်



ASEAN+3 ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သော ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်က ကြီးမှူး၍ (၁၄၃) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် ASEAN + 3 အစည်းအဝေးကို နိုဝင်ဘာလ ၂၅ ရက်တွင် Virtual စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ ASEAN + 3 ပါလီမန်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ၂၀၂၁ ခုနှစ် ဧပြီလတွင် ကျင်းပပြုလုပ်ခဲ့သည့် ASEAN + 3 အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်းနှင့် ၂၀၂၂ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ASEAN + 3 အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌ အတည်ပြုခြင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **အစည်းအဝေးတွင် ဧပြီလ၌ ကျင်းပပြုလုပ်ခဲ့သည့် ASEAN + 3 အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်းနှင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ASEAN + 3 အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌကို အတည်ပြုခြင်းတို့ကို ဆွေးနွေးခဲ့။**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီအစည်းအဝေးကို နိုဝင်ဘာလ ၂၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်တွင်ကျင်းပခဲ့ရာ ဗဟိုကောင်စီဝင် ၂၆ ဦး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၂၁)ဆိုင်ရာလုပ်ငန်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁) ပထမနေ့ကို နိုဝင်ဘာလ ၂၅ ရက်နေ့တွင်ကျင်းပခဲ့ပြီး ဗဟိုကောင်စီဝင် ၇၆ ဦး၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် နာယကအဖွဲ့များကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီအစည်းအဝေးသို့ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီအစည်းအဝေးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၂၁)ဆိုင်ရာလုပ်ငန်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့။**
- **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၂၁) ပထမနေ့ကို နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့ပြီး ဗဟိုကောင်စီဝင် ၇၆ ဦး၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် နာယကအဖွဲ့များကိုရွေးချယ်တင်မြှောက်ခဲ့။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျောင်းသား/ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၂ ဦး နှင့် အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၄၃ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၇၁,၅၇၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၉၃,၇၉၀ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၄၉,၄၉၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၅,၉၃၁ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုဝင်ဘာလ ၂၄ ရက်အထိ စုစုပေါင်း ၁,၃၂၂,၇၂၈ ဦးအား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၌ အောက်ဆီဂျင် ၄၀ လီတာဆံ့အိုး တစ်ရက်လျှင် ၉၆ လုံးထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံအား စတင်ဖွင့်လှစ်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၅ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅,၈၁၅ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈၂ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၈၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၅-၁၁-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅,၄၇၅,၀၅၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၀,၂၁၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၀၅၈ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံများ



ရခိုင်ပြည်နယ်၊ မောင်တောမြို့တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ထန်းတပင်မြို့နယ်အတွင်းရှိ ကျောင်းသား/ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ မော်တော်ယာဉ်များဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများတင်သွင်းနေမှု



မြစ်သားမြို့နယ်တွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးနေမှု

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၅ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၇၁,၅၇၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၉၃,၇၉၀ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်း သား/သူ စုစုပေါင်း ၁,၃၂၂,၇၂၈ ဦးအား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၂၅-၁၁-၂၀၂၁ ရက်အထိ ၅,၄၇၅,၀၅၁ ဓာတ်ခွဲနမူနာစုစုပေါင်းခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၀,၂၁၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၀၅၈ ဦးဖြစ်ပြီး ၂၅-၁၁-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၈၇ ရာခိုင်နှုန်းရှိ။

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပျက်စီးဆုံးရှုံးခဲ့ရ




၁၈-၄-၂၀၂၁ ရက်တွင် မြင်းခြံမြို့ KBZ Mini ဘဏ်(၁)အား လက်လုပ်ဗုံးဖြင့် လာရောက်ပစ်ခတ်မှု

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေးဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပါသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ နိုင်ငံပိုင်ဘဏ် ၂၆ ခုနှင့် ပုဂ္ဂလိကပိုင်ဘဏ် ၄၁ ခုတို့ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

ယခုကဲ့သို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များအား မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်းသည် ပြည်သူလူထု၏ စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် ငွေကြေးလည်ပတ်မှုများကို ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် NUG နှင့် PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ရွံရှာမုန်းတီးလျက်ရှိပါသည်။

သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် ဘဏ်များအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် လူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြရန်နှင့် အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သတင်းထုတ်ပြန်ထားရှိပါသည်။

## ၁-၂-၂၀၂၁ ရက်နေ့မှ ၂၀-၁၁-၂၀၂၁ ရက်နေ့ထိ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့/ဖောက်ခွဲဖျက်ဆီးမှုဦးစီးဇယား

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | နိုင်ငံပိုင်ဘဏ် | ပုဂ္ဂလိကပိုင်ဘဏ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | ၁ | |
| ၂ | ကချင် | ၂ | ၁ | ၄ | |
| ၃ | ကယား | ၁ | - | ၁ | |
| ၄ | ကရင် | ၂ | ၂ | - | |
| ၅ | ချင်း | ၂ | ၂ | - | |
| ၆ | စစ်ကိုင်း | ၄ | ၄ | ၅ | |
| ၇ | ပဲခူး | ၁ | - | ၁ | |
| ၈ | တနင်္သာရီ | ၁ | ၁ | ၁ | |
| ၉ | မကွေး | ၄ | ၄ | ၃ | |
| ၁၀ | မန္တလေး | ၇ | ၁ | ၁၄ | |
| ၁၁ | ရန်ကုန် | ၅ | ၆ | ၅ | |
| ၁၂ | ရှမ်း | ၄ | ၄ | ၅ | |
| ၁၃ | ဧရာဝတီ | ၁ | - | ၁ | |
| စုစုပေါင်း | | ၃၅ | ၂၆ | ၄၁ | |

(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)

- **PDF အကြမ်းဖက်အဖွဲ့၏ အကြောင်းမဲ့မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ နိုင်ငံပိုင်ဘဏ် ၂၆ ခုနှင့် ပုဂ္ဂလိကပိုင်ဘဏ် ၄၁ ခုတို့ ပျက်စီးဆုံးရှုံးခဲ့။**
- **လူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြရန်နှင့် အကြမ်းဖက်သမားများရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သတင်းထုတ်ပြန်ထားရှိ။**

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပျက်စီးဆုံးရှုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ




၅-၁၁-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ် KBZ ဘဏ် ATM စက်၌ လက်လုပ်မိုင်း ၁ လုံးပေါက်ကွဲမှု





၁၆-၁၁-၂၀၂၁ ရက်တွင် ရွှေဘိုမြို့နယ်၌ မြဝတီဘဏ်အား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှု

## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပျက်စီးဆုံးရှုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



၁၄-၆-၂၀၂၁ ရက်တွင် နမ့်ခမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်အနီး၌ အသံဗုံး ၁ လုံး ပေါက်ကွဲမှု



၁၉-၄-၂၀၂၁ ရက်တွင် မြစ်ကြီးနားမြို့၌ လက်လုပ်ဗုံး ၂ လုံး ပေါက်ကွဲမှု

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပျက်စီးဆုံးရှုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



၁၄-၅-၂၀၂၁ ရက်တွင် ဘားအံမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ပြည်နယ်ဘဏ်ခွဲ)ရုံးရှေ့၌ လက်လုပ်ဗုံး ၁ လုံး ပေါက်ကွဲမှု




၅-၅-၂၀၂၁ ရက်တွင် လယ်ဝေးမြို့၌
မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်အား မီးပုလင်းဖြင့် ပစ်ပေါက်မှု



၇-၅-၂၀၂၁ ရက်တွင် ခရမ်းမြို့နယ်ရှိ
မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်၌ လက်လုပ်မိုင်းပေါက်ကွဲမှု

## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ပျက်စီးဆုံးရှုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ




၂၇-၁၀-၂၀၂၁ ရက်တွင် မဟာအောင်မြေမြို့နယ်၌ KBZ ဘဏ်ရှေ့ရှိ ATM စက်များအား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရမှု




၂၅-၈-၂၀၂၁ ရက်တွင် တီးတိန်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၃ ဦး ကျဆုံးမှု

# NUG အကြမ်းဖက်အဖွဲ့၏ထောက်ပံ့စေခိုင်းမှုဖြင့် KNU နယ်မြေအချို့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများဖွင့်လှစ်



**KNLA တပ်မဟာ (၂) နယ်မြေအတွင်းရှိ အုတ်တွင်း အကြမ်းဖက် PDF စခန်းအား သိမ်းဆည်းရမိမှု**

CRPH/NUG အကြမ်းဖက်အဖွဲ့အစည်းတို့မှ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အကြမ်းဖက် PDF များဖွဲ့စည်းနိုင်ရန်အတွက် NLD ပါတီဝင်/အမာခံများ၊ CDM ပြုလုပ်သူများနှင့် အစွန်းရောက်လူငယ်များအား စည်းရုံးလှုံ့ဆော်၍ KNU အဖွဲ့လှုပ်ရှားရာနယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သင်တန်းတက်ရောက်ပြီးသူများအား နိုင်ငံအတွင်း မြို့ကြီးများသို့စေလွှတ်၍ အကြမ်းဖက်လုပ်ငန်းများပြုလုပ်စေခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

ဧပြီလ ၃၀ ရက်တွင် လှိုင်သာယာမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သောတရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ စိုင်းဖြိုးကိုကိုနှင့် ရှိုင်းထက်အောင်တို့အပါအဝင် တရားခံ ၅ ဦး၏ ထွက်ဆိုချက်အရ–

- ၎င်းတို့သည် ကျိုက်ထိုမြို့နယ်၊ KNLA တပ်မဟာ(၁)နယ်မြေတွင် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူများဖြစ်ကြောင်း။
- KNLA တပ်မဟာ(၁)သည် သင်တန်းဆင်းအဖွဲ့များနှင့် ပူးပေါင်း၍ တပ်မတော်စခန်းများနှင့် ရဲစခန်းများအား ရှော့တိုက်ဒုံးများဖြင့်ပစ်ခတ်ခြင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား အလစ်အငိုက် တိုက်ခိုက်သတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ဖွန်လအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ပြီး အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့သည့်တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ခင်ကျော်(UNRA)၊ ကိုကိုနိုင်(ခ)ဒေါနနှင့် ဆက်စပ်တရားခံများ၏ထွက်ဆိုချက်များအရ–

- ခင်ကျော်နှင့် ကိုကိုနိုင်တို့သည် KNLA တပ်မဟာ(၁)နယ်မြေ၊ ဝါးမြီးခိုကျေးရွာအနီး၌ စခန်းဆောက်လုပ်ခဲ့ကြပြီး NUG၊ CRPH တို့၏ စီစဉ်ထောက်ပံ့မှုဖြင့် PDF အဖွဲ့များအား အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း။
- အဆိုပါသင်တန်းတွင် KNLA တပ်မဟာ(၅)အဖွဲ့ဝင်များမှ ဖောက်ခွဲဖျက်ဆီးရေးနှင့် လက်နက်ငယ်သင်ခန်းစာများ သင်ကြားပေးခဲ့ပြီး လက်နက်ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ရောင်းချပေးခဲ့ကြောင်း။

မတ်လ ၃၁ ရက်တွင် တောင်ငူမြို့၊ အမေ့အိမ်ဟိုတယ်၌ အကြမ်းဖက် UNRA အဖွဲ့ဝင် တရားခံ မျိုးမြင့်အောင်၊ ဩဂုတ်လ



**KNLA တပ်မဟာ (၂) နယ်မြေအတွင်းရှိ တောင်ငူ အကြမ်းဖက် PDF စခန်းအား သိမ်းဆည်းရမိမှု**

၂၃ ရက်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၌ Music Zone KTV၊ ကမာရွတ်၊ မြောက်ဥက္ကလာပနှင့် သဃ်္ဃန်းကျွန်းမြို့နယ်တို့ရှိ EPC ရုံးများအပါအဝင် ရန်ကုန်မြို့တွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သော တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ဝေယံသိန်းနှင့် နိုဝင်ဘာလ ၁ ရက်တွင် တောင်ငူမြို့၌ ဖမ်းဆီးရမိတရားခံ ကျော်ကျော်တို့၏ ထွက်ဆိုချက်များအရ-

- ထန်းတပင်မြို့နယ်ရှိ တောင်ကုန်းများ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်းများဖြစ်ကြသည့် ပြည်မြို့နယ် NLD ပါတီမှ ကျော်ဇေယျ၏ ပြည်အကြမ်းဖက် PDF အဖွဲ့၊ တောင်ငူမြို့နယ် NLD ပါတီမှ မိုးမခ၏ တောင်ငူအကြမ်းဖက် PDF အဖွဲ့နှင့် ဖြူးမြို့နယ် NLD ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ကျော်အေးဝင်း၏ ဖြူးအကြမ်းဖက် PDF အဖွဲ့များသည် KNLA တပ်မဟာ (၂)မှ စစ်ဆင်ရေးမှူးအဆင့်ရှိ မောင်ရွှေနှင့်ညှိနှိုင်း၍ PDF အကြမ်းဖက်သင်တန်းများဖွင့်လှစ်ကာ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်နေကြောင်း။
- အဆိုပါ သတင်းအရ တပ်မတော်က နယ်မြေစိုးမိုးရေးဆောင်ရွက်ခဲ့ရာ PDF အကြမ်းဖက်စခန်းနေရာ ၅ နေရာအား ဖော်ထုတ်သိမ်းပိုက်ရရှိခဲ့ပြီး စခန်းများအတွင်းမှ အကြမ်းဖက်သမား ၅ ဦးအပါအဝင် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်း။
- အဆိုပါဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့အား KNLA တပ်မဟာ (၂)မှ လက်နက်ငယ်နှင့်ဖောက်ခွဲဖျက်ဆီးရေးသင်ခန်းစာများ သင်ကြားပေးခဲ့ကြောင်း။
- ကျော်ဇေယျသည် KNLA တပ်မဟာ(၅)မှ လက်နက် ၁၀၀ ခန့်မှာယူထားရှိပြီး ဖြူး၊ အုတ်တွင်း၊ တောင်ငူနှင့် ပြည်အကြမ်းဖက် PDF အဖွဲ့များအား လက်နက်တပ်ဆင်ပေး၍ သက်ဆိုင်ရာမြို့များသို့ ပြန်လည်စေလွှတ်ကာ မြို့တွင်းအကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း။
- အဆိုပါ PDF စခန်းများအတွက် လက်ပစ်ဗုံးများ ပြုလုပ်နိုင်ရန် လိုအပ်သည့်ကုန်ကြမ်းများနှင့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအား KNLA တပ်မဟာ(၂)နှင့် KNU တောင်ငူခရိုင်အုပ်ချုပ်ရေးအဖွဲ့ဝင် ဝကြီးတို့မှ ချိတ်ဆက်ဝယ်ယူပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း။

မေလ ၂၄ ရက်တွင် အလုံမြို့နယ်ရှိ ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံးရှေ့တွင် မိုင်းဖောက်ခွဲခြင်းဆောင်ရွက်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ တရားခံ ဒွေးမင်းအောင် အပါအဝင် ၄ ဦး၏ ထွက်ဆိုချက်အရ-

- ၎င်းတို့သည် KNLA တပ်မဟာ(၃)နယ်မြေ ကျောက်ကြီးမြို့နယ်အတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့သူများဖြစ်ကြောင်း။



**KNLA တပ်မဟာ (၂) နယ်မြေအတွင်းရှိ ပြည်အကြမ်းဖက် PDF စခန်းမှ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် အကြမ်းဖက်သမား ၅ ဦး**

- KNLA တပ်မဟာ(၃)သည် PDF အကြမ်းဖက်သမားများအား စစ်သင်တန်းနှင့် ဖောက်ခွဲရေးသင်တန်းများ သင်ကြားပေးသည့်အပြင် ထွက်ပြေးတိမ်းရှောင်သူများကိုပါ လက်ခံထားရှိကြောင်း။

နိုဝင်ဘာလ ၁၄ ရက်တွင် ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ အကြမ်းဖက်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ တရားခံမြတ်သူနှင့် Mytel ရုံးချုပ်မှ ဦးသိန်းအောင်အား လုပ်ကြံသတ်ဖြတ်ရာတွင်ပါဝင်သည့် ဖမ်းဆီးရမိတရားခံ စစ်ဇော်ကံတို့၏ ထွက်ဆိုချက်အရ−

- ၎င်းတို့သည် ကြာအင်းဆိပ်ကြီးမြို့နယ်အနီး တပ်မဟာ(၆)တွင် PDF အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းဆင်းပွဲသို့ CRPH/NUG အကြမ်းဖက်အဖွဲ့၏ တောင်ပိုင်း PDF အကြမ်းဖက်အဖွဲ့တာဝန်ခံ လွင်ကိုလတ်နှင့် KNLA မှ ရင်းမှူးအဆင့်ရှိ စောရန်နိုင်တို့ လာရောက်ခဲ့ကြောင်း။

နိုဝင်ဘာလ ၁၆ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၌ ဖမ်းဆီးရမိခဲ့သော အောင်ကိုဦး၏ ထွက်ဆိုချက်အရ−

- ၎င်းသည် KNLA တပ်မဟာ(၆)၊ ရင်း(၁၈)လှုပ်ရှားနယ်မြေ(ဘော်ဒိုင်းခွင်)တွင် PDF အကြမ်းဖက်သင်တန်းအမှတ်စဉ်(၃)အား တက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းမှ သင်တန်းဆင်းများဖြင့် KNLA တမဟ(၆)၊ ရင်း(၁၆)လှုပ်ရှားနယ်မြေ(အံဖခွင်)သဲဖြူချောင်းအနီးတွင် ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၃၀ ရက်အထိ SOF အကြမ်းဖက်သင်တန်းအား ဖွင့်လှစ်ခဲ့ရာ သင်တန်းတွင် အမေရိကန်နိုင်ငံသားခံယူထားသူ လင်းလင်း(ခ) မစ္စတာဘော့မှ မြို့ပြပြောက်ကျားစစ်နည်းဗျူဟာများ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း။

နိုဝင်ဘာလ ၁၃ ရက်တွင် ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာ တံတားထိပ်၌ ဖမ်းဆီးရမိခဲ့သည့် စောညီညီမင်းထက်နှင့် ဇင်ကိုကိုတို့၏ ထွက်ဆိုချက်အရ−

- ၎င်းတို့သည် ဘုရားသုံးဆူမြို့၊ မက္ကသာကျေးရွာရှိ KNLA တပ်မဟာ(၆)ဌာနချုပ်နေရာတွင် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့ကြောင်း။

နိုဝင်ဘာလ ၁၇ ရက်တွင် ဘားအံမြို့၊ ပညာရေးဒီဂရီကောလိပ်အနီး၌ ဖမ်းဆီးရမိခဲ့သည့် ဝေယံဖြိုးနှင့် ဇေယျာလွင်တို့၏ ထွက်ဆိုချက်အရ−

- ၎င်းတို့သည် မြဝတီမြို့၊ လေးကစ်ကော်မြို့သစ်အနီးတွင် KNLA တပ်မဟာ(၆)မှ ဖွင့်လှစ်သည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းသို့ တက်ရောက်ခဲ့ကြောင်း။



**KNLA တပ်မဟာ (၁) နယ်မြေအတွင်းရှိ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းနေရာအား သိမ်းဆည်းရမိမှု**

စက်တင်ဘာလ ၁၁ ရက်တွင် ဘားအံမြို့နယ်၊ ဒေါနအောင်မြေဆီဆိုင်ရှေ့တွင် ဖမ်းဆီးရမိသည့် နိုင်လင်းထွန်း၏ ထွက်ဆိုချက်အရ–

- ၎င်းသည် မြဝတီမြို့နယ်၊ လေးကစ်ကော်မြို့သစ်အနီးရှိ ရေတံခွန်စခန်းနှင့် ဒေါနတောင်အရှေ့ဘက်ခြမ်းရှိ ဒေသအခေါ် တာဘိုးခီးစခန်းတို့တွင် တပ်မဟာ(၆)မှ ဖွင့်လှစ်သည့် အကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ပြီး မိုင်းပြုလုပ်နည်းများအား လက်တွေ့ပြုလုပ်လေ့ကျင့်ခဲ့ရကြောင်း။

နိုဝင်ဘာလ ၁၉ ရက်တွင် ဖမ်းဆီးရမိခဲ့သည့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများအား ကြိုးကိုင်ဆောင်ရွက်လျက်ရှိသော NLD ပါတီမှ ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ–

- ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်လျက်ရှိ သော ဖမ်းဆီးရမိတရားခံများသည် KNLA တပ်မဟာ(၆)မှ ရင်းမှူးအဆင့်ရှိ စောရန်နိုင်ထံတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း။
- သိမ်းဆည်းရမိခဲ့သော လက်နက်/ခဲယမ်းများအား CRPH/NUG အကြမ်းဖက်အဖွဲ့၏ တောင်ပိုင်း PDF အကြမ်းဖက်အဖွဲ့တာဝန်ခံ လွင်ကိုလတ်နှင့် မြောက်ပိုင်း PDF အကြမ်းဖက်တာဝန်ခံ ရည်မွန်တို့မှ ဝယ်ယူပြီး KNLA အဖွဲ့များနှင့် ချိတ်ဆက်၍ KNU နယ်မြေများမှတစ်ဆင့် ကုန်းလမ်းကြောင်း/ ရေလမ်းကြောင်းများဖြင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။
- ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ KNLA တပ်မဟာ(၆)အနေဖြင့် ၎င်းတို့လှုပ်ရှားရာနယ်မြေအတွင်း၌ PDF အကြမ်းဖက်အဖွဲ့များအား လက်ခံထားရှိ၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ သင်ကြားပေးသည့်အပြင် အဆိုပါ အဖွဲ့များနှင့်ပူးပေါင်း၍ တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများအား နှောင့်ယှက်ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိကြောင်းနှင့် ထိုကဲ့သို့ လုပ်ဆောင်ရန်အတွက် စောရန်နိုင်က NUG၊ CRPH နှင့် ပြည်ပအထောက်အပံ့များ ရယူထားခြင်းဖြစ်ကြောင်း။

မေလ ၁၂ ရက်တွင် ပို့ပို့ရွှေဆိုင်အား လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ တရားခံ ဖြိုးဝေလင်းနှင့် ညီညီလွင်တို့၏ ထွက်ဆိုချက်များအရ–

- ၎င်းတို့သည် KNLA တပ်မဟာ(၇) ၄က်ပျောတောစခန်းတွင် သင်တန်းတက်ရောက်ခဲ့သူများဖြစ်ပြီး သင်တန်းတက်ရန်သွားရောက်စဉ် KNLA တပ်မဟာ(၇) တပ်မဟာမှူး



**KNLA တပ်မဟာ (၁) နယ်မြေအတွင်းရှိ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းနေရာအား သိမ်းဆည်းရမိမှု**

အဆင့်ရှိ စောဖောဒိုက မော်တော်ယာဉ်ဖြင့် ငှက်ပျောတောစခန်းသို့ လိုက်ပါပို့ဆောင်ပေးခြင်းဖြစ်ကြောင်း။

- အဆိုပါ အကြမ်းဖက်သင်တန်းများအား CRPH / NUG အကြမ်းဖက်အဖွဲ့၏ ထောက်ပံ့မှုဖြင့် စောဖောဒိုမှ လက်ခံဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတက်ရောက်ပြီး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိပါက CRPH/ NUG မှ ခန့်အပ်ထားသည့် ခေါင်းဆောင်များနှင့် ချိတ်ဆက်ကာ အကြမ်းဖက်လုပ်ငန်းများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

အထက်ပါဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ CRPH/NUG အကြမ်းဖက်အဖွဲ့အနေဖြင့် ၎င်းတို့၏စီစဉ်ထောက်ပံ့မှုဖြင့် တိုင်းရင်းသားလက်နက်ကိုင် နယ်မြေများအတွင်း ဖွင့်လှစ်သည့် အကြမ်းဖက်နှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ NLD ပါတီဝင်/အမာခံများ၊ CDM ပြုလုပ်သူများနှင့် အစွန်းရောက်လူငယ်များအား တက်ရောက်စေခဲ့ခြင်း၊ သင်တန်းတက်ရောက်ပြီးသူများအား ၎င်းတို့အဖွဲ့မှ လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများထောက်ပံ့ပေးပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် ပြည်သူလူထု စိုးရိမ်ထိတ်လန့်မှုဖြစ်ပွားစေရန် ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ အေးချမ်းစွာနေထိုင်လိုသော ဒေသခံပြည်သူများနှင့် အစိုးရဌာနဆိုင်ရာများအား သူလျှို/ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်စေခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းတို့အပြင် ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား စိုးရိမ်ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်၍ စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်း/ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖော်ထုတ်တွေ့ရှိချက်များအရ NUG အဖွဲ့သည် KNU အဖွဲ့၏ ထောက်ပံ့ကူညီမှုများကိုရယူပြီး PDF အမည်ခံ အကြမ်းဖက်သမားများကို လေ့ကျင့်ပေးခြင်း၊ လက်နက်ခဲယမ်းများကို ထောက်ပံ့ပေးခြင်းများဆောင်ရွက်ပြီး လတ်တလောဖြစ်ပေါ်နေသောအကြမ်းဖက်လုပ်ရပ်များ ပိုမိုဖြစ်ပွားစေရန် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ငန်းများအား လုပ်ဆောင်နိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည့်အပြင် အားပေးအားမြှောက်ပြုသူများ၊ နောက်ကွယ်မှ ထောက်ပံ့စေခိုင်းသူများကိုလည်း ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**



**KNLA တပ်မဟာ (၂) နယ်မြေအတွင်းရှိ အုတ်တွင်း အကြမ်းဖက် PDF စခန်းအား သိမ်းဆည်းရမိမှု**

- **CRPH/NUG အကြမ်းဖက်အဖွဲ့အစည်းတို့မှ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အကြမ်းဖက် PDF များဖွဲ့စည်းနိုင်ရန်အတွက် KNU အဖွဲ့ လှုပ်ရှားရာနယ်မြေဖြစ်သည့် KNLA တပ်မဟာ(၁)၊ တပ်မဟာ(၂)၊ တပ်မဟာ(၃)၊ တပ်မဟာ(၆)၊ တပ်မဟာ(၇) နယ်မြေအတွင်း အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့။**
- **ထန်းတပင်မြို့နယ်ရှိ တောင်ကုန်းများ၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်းများဖြစ်ကြသည့် ပြည်မြို့နယ် NLD ပါတီမှ ကျော်ဇေယျ၏ ပြည်အကြမ်းဖက် PDF အဖွဲ့၊ တောင်ငူမြို့နယ် NLD ပါတီမှ မိုးမခ၏ တောင်ငူအကြမ်းဖက် PDF အဖွဲ့နှင့် ဖြူးမြို့နယ် NLD ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ကျော်အေးဝင်း၏ ဖြူးအကြမ်းဖက် PDF အဖွဲ့များသည် KNLA တပ်မဟာ(၂)မှ စစ်ဆင်ရေးမှူးအဆင့်ရှိ မောင်ရွှေနှင့်ညှိနှိုင်း၍ PDF အကြမ်းဖက်သင်တန်းများဖွင့်လှစ်ကာ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိ။**
- **CRPH/NUG အကြမ်းဖက်အဖွဲ့အနေဖြင့် ၎င်းတို့၏ စီစဉ်ထောက်ပံ့မှုဖြင့် တိုင်းရင်းသား လက်နက်ကိုင် နယ်မြေများအတွင်း ဖွင့်လှစ်သည့် အကြမ်းဖက်နှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ NLD ပါတီဝင်/အမာခံများ၊ CDM ပြုလုပ်သူများနှင့် အစွန်းရောက် လူငယ်များအား တက်ရောက်စေခဲ့။**
- **CRPH/NUG အကြမ်းဖက်အဖွဲ့သည် အကြမ်းဖက်သမားများကို ပညာရေးဝန်ထမ်း ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများအား စိုးရိမ်ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်၍ စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်း/ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆောင်ရွက်စေခဲ့။**

**KNLA နယ်မြေအတွင်းရှိ PDF အကြမ်းဖက်သင်တန်းဆင်းပွဲသို့ CRPH/ NUG အကြမ်းဖက်အဖွဲ့၏ တောင်ပိုင်းအကြမ်းဖက် PDF တာဝန်ခံ လွင်ကိုလတ် လာရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ**






## NUG အကြမ်းဖက်အဖွဲ့၏ထောက်ပံ့စေခိုင်းမှုဖြင့် KNU နယ်မြေအချို့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများတက်ရောက်/ ဖွင့်လှစ်ခဲ့သူများအား ဖမ်းဆီးရမိ မှတ်တမ်းဓာတ်ပုံများ



**တရားခံ ခင်ကျော်(UNRA)**



**တရားခံ ကိုကိုနိုင်(ခ)ဒေါန**

**KNLA တပ်မဟာ (၁)နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေး သင်တန်းဖွင့်လှစ်ပြီး အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ခဲ့သူများ**



**တရားခံ စိုင်းဖြိုးကိုကို**



**တရားခံ ရှိုင်းထက်အောင်**

**KNLA တပ်မဟာ (၁)နယ်မြေ၌ သင်တန်းတက်ရောက်ခဲ့ပြီး လှိုင်သာယာမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သူများ**



**တရားခံ ကျော်ကျော်**



**တရားခံ မျိုးမြင့်အောင်**



**တရားခံ ဝေယံသိန်း**

**KNLA တပ်မဟာ (၂)နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းဖွင့်လှစ်ခဲ့သူများအား ဖမ်းဆီးရမိမှု**





**KNLA  တပ်မဟာ (၂) နယ်မြေအတွင်း အကြမ်းဖက် PDF သင်တန်းဖွင့်လှစ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ**



**KNLA  တပ်မဟာ (၃) နယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ခဲ့ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တရားခံ ဌေးမင်းအောင်**

## KNLA တပ်မဟာ (၆) နယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း ဖွင့်လှစ်တက်ရောက်ခဲ့ပြီး အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်ခဲ့သူများအား ဖမ်းဆီးရမိမှု



တရားခံ စောရန်နိုင်(သင်တန်းဖွင့်လှစ်)



တရားခံ မြတ်သူ



တရားခံ စစ်ဇော်ကံ



တရားခံ စောညီညီမင်းထက်



တရားခံ ဇင်ကိုကို



တရားခံ ဝေယံဖြိုး



တရားခံ ဇေယျာလွင်



တရားခံ အောင်ကိုဦး



တရားခံ နိုင်လင်းထွန်း

## KNLA တပ်မဟာ (၇) နယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း ဖွင့်လှစ်တက်ရောက်ခဲ့ပြီး အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်ခဲ့သူများအား ဖမ်းဆီးရမိမှု



တရားခံ စောဖောဒို(သင်တန်းဖွင့်လှစ်)



တရားခံ ဖြိုးဝေလင်း



တရားခံ ညီညီလွင်

**NLD ပါတီမှ အကြမ်းဖက် PDF အဖွဲ့ တာဝန်ခံများ**



တရားခံ ရည်မွန်



တရားခံ ဖြိုးဇေယျာသော်



တရားခံ လွင်ကိုလတ်



တရားခံ ကျော်ဇေယျ



တရားခံ မိုးမခ



တရားခံ ကျော်အေးဝင်း

---

## ကန့်ဘလူမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် ရဟန်းသံဃာတော်များ၊ အနန္တဂိုဏ်းဝင်ဆရာ/ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ အေးချမ်းစွာနေထိုင်သောပြည်သူများကို ရက်စက်ယုတ်မာစွာ အကြမ်းဖက်သတ်ဖြတ်ခြင်းအပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအဆောက်အဦများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့်သက်ဆိုင်သော စီးပွားရေးအဆောက်အဦများ၊ နေအိမ်အဆောက်အဦများ၊ လမ်းများ၊ တံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

PDF အကြမ်းဖက်အဖွဲ့များက နိုဝင်ဘာလ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ချပ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း တိုးချဲ့ဆောင်၏ရှေ့မျက်နှာစာလမ်းပေါ်၌ လက်လုပ်မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျောင်းဆောင်အမိုးသွပ် ၁၂ ချပ်မှာ ယမ်းစများထိမှန်ပျက်စီးခဲ့ပြီး အကြမ်းဖက်သမားများက ကျောင်းနံရံများတွင် NUG စာသားနှင့်အတူ အစိုးရအားဆန့်ကျင်သောစာသားများ ရေးသားထားသည်ကို တွေ့ရှိရပါသည်။

NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများက ယခုကဲ့သို့ စာသင်ကျောင်းများအား ဗုံးခွဲတိုက်ခိုက်ခြင်းများအပေါ် တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသောပြည်သူလူထုအနေဖြင့် မုန်းတီးရွံရှာလျက်ရှိပြီး သားသမီးများ၏ ပညာရေးကို နှောင့်ယှက်မှုများဖြစ်ပေါ်နေခြင်းအပေါ် မိဘများအနေဖြင့် ဆန့်ကျင်လျက်ရှိကြောင်းနှင့် စာသင်ကျောင်းများဖောက်ခွဲတိုက်ခိုက်ခြင်း၊ ဆရာ၊ ဆရာမများအား လုပ်ကြံသတ်ဖြတ်ခြင်းဆောင်ရွက်နေသော အကြမ်းဖက်သမားများကို ဝိုင်းဝန်းတားဆီးအရေးယူပေးရန် လိုလားလျက်ရှိပါသည်။

အကြမ်းဖက်မှုလုပ်ရပ်ကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**



ချပ်ကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း အကြမ်းဖက်သူများက ဆန့်ကျင်စာသားများရေးသားကာ လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲမှုမှတ်တမ်းဓာတ်ပုံ

- တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအဆောက်အဦများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့်သက်ဆိုင်သော စီးပွားရေးအဆောက်အဦများ၊ နေအိမ်အဆောက်အဦများ၊ လမ်းများ၊ တံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိ။
- လက်လုပ်မိုင်းထောင်ဖောက်ခွဲမှုကြောင့် တိုးချဲ့ဆောင်၏ရှေ့မျက်နှာစာလမ်းပေါ်၌ ကျောင်းဆောင်အမိုးသွပ် ၁၂ ချပ်မှာ ယမ်းစများထိမှန်ပျက်စီးခဲ့။

---

## ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ နေအိမ်များနှင့် ဘာသာရေးအဆောက်အဦများအား PDF အကြမ်းဖက်အဖွဲ့များက ထပ်မံမီးရှို့ဖျက်ဆီး

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လမ်းများ၊ တံတားဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ် (၂) ရပ်ကွက်ရှိ နေအိမ်အချို့အား နိုဝင်ဘာလ ၂၄ ရက်တွင် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် ၃၀ လုံး၊ ဗ ခန်းတွဲ ဈေးဆိုင်ခန်း ၁ လုံး၊ ဘုရားရှိခိုးကျောင်း ၁ ကျောင်း ခန့်မှန်းတန်ဖိုးငွေစုစုပေါင်း သိန်း ၇၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ပါသည်။

အလားတူ ထန်တလန်မြို့ပေါ်ရှိ လူနေအိမ်ခြေများအား ထန်တလန် PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် အောက်တိုဘာလ ၂၉ ရက်တွင် အမှတ်(၁)ရပ်ကွက်အတွင်းရှိ ဘုရားရှိခိုးကျောင်း ၂ ကျောင်းနှင့် လူနေအိမ် ၇၀ ခန့်အားလည်းကောင်း၊ နိုဝင်ဘာလ ၉ ရက်တွင် အမှတ်(၃)ရပ်ကွက်ရှိ လူနေအိမ် ၂၂ လုံးအားလည်းကောင်း မီးရှို့ဖျက်ဆီးခဲ့ပြီး မီးလောင်နေသည့်အိမ်များအား ဒရုန်း(Drone)နှင့် ရိုက်ကူးဝါဒဖြန့်ချီခြင်း၊ မီးငြိမ်းသတ်ရန် လာရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိ

ပြည်သူများအား နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ပါသည်။

ချင်းပြည်နယ်အတွင်းရှိ အကြမ်းဖက်အဖွဲ့အစည်းများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် အချို့ဒေသများတွင် အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်၍ လူမှုကွန်ရက်စာမျက်နှာမှတဆင့် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုမရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **နိုဝင်ဘာလ ၂၄ ရက်တွင် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် ၃၀ လုံး၊ ၆ ခန်းတွဲ ဈေးဆိုင်ခန်း ၁ လုံး၊ ဘုရားရှိခိုးကျောင်း ၁ ကျောင်း ခန့်မှန်းတန်ဖိုးငွေစုစုပေါင်း သိန်း ၇၀၀ ကျော်နှင့် အောက်တိုဘာလ ၂၉ ရက်တွင်လည်း အမှတ် (၁) ရပ်ကွက်အတွင်းရှိ ဘုရားရှိခိုးကျောင်း ၂ ကျောင်း၊ လူနေအိမ် ၇၀ ခန့် ပျက်စီးဆုံးရှုံးခဲ့။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိ။**

## ကန်ပက်လက်မြို့နယ်ရှိ CDF လက်နက်ကိုင်အကြမ်းဖက်အဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့အား မီးရှို့ဖျက်ဆီး

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ CDF လက်နက်ကိုင်အကြမ်းဖက်အဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့ကို နိုဝင်ဘာလ ၂၃ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့မှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ နိုဝင်ဘာလ ၂၄ ရက်တွင် သွားရောက်စစ်ဆေးခဲ့ရာ-

- CDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် လူမနေသည့် အလျား ၄၀ ပေ၊ အနံ ၂၀ ပေ မြို့နယ်လဝကရုံး တစ်ရုံးနှင့် ရုံးအတွင်းထားရှိသည့် ရုံးအသုံးအဆောင်ပစ္စည်းများ ခန့်မှန်း တန်ဖိုးကျပ်သိန်း ၃၅ သိန်း။
- မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ လူမနေသည့် အလျား ၈၀ ပေ၊ အနံ ၃၀ ပေ အစည်းဝေးခန်းမတစ်လုံး၊ အလျား ၆၀ ပေ၊ အနံ ၂၈ ပေ ရုံးအဆောက်အအုံတစ်လုံး။
- ရုံးအတွင်းထားရှိသည့် ရုံးအသုံးအဆောင်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၁၆၀ ကျပ်နှင့် ရုံးခန်းအတွင်းရှိ မီးခံသေတ္တာအတွင်း၌ ထိန်းသိမ်းထားရှိသည့် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၃၂၅ ဒသမ ၅ သိန်းအနက်မှ ငွေကျပ် ၅,၈၃၄,၃၀၀ ကျပ်မှာ မီးလောင်ကျွမ်းပျက်ဆီးဆုံးရှုံးခဲ့။

ချင်းပြည်နယ်၊ ကန်ပက်လက်နှင့် ဆောမြို့နယ် ကျောက်ထုအကြားရှိ PDF အမည်ခံအကြမ်းဖက်သမားများ၊ CNF သောင်းကျန်းသူအဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့များအနေဖြင့် အထိနာပြီး ထွက်ပြေးတိမ်းရှောင်နေရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အာရုံပြောင်းစေရန် ယခုကဲ့သို့ လုံခြုံရေးအားနည်းသော ကန်ပက်လက်မြို့အစွန်အဖျားရှိ လူမနေသည့် ရုံးအဆောက်အဦများကို အလစ်အငိုက်ယူ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **CDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မြို့နယ်လဝကရုံး တစ်ရုံးနှင့် ရုံးအတွင်းထားရှိသည့် ရုံးအသုံးအဆောင်ပစ္စည်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ အစည်းဝေးခန်းမတစ်လုံး၊ ရုံးအဆောက်အအုံတစ်လုံး၊ ရုံးခန်းအတွင်းရှိ မီးခံသေတ္တာအတွင်း၌ ထိန်းသိမ်းထားရှိသည့် စိုက်ပျိုးစရိတ်ချေးငွေများ မီးလောင်ကျွမ်းပျက်ဆီးဆုံးရှုံးခဲ့။**
- **နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိ။**

---

## ရေးမြို့နယ်၌ ဘဏ္ဍာငွေများတင်ဆောင်သည့် မော်တော်ယာဉ်များ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခံရ

နိုဝင်ဘာလ ၂၄ ရက်တွင် မော်လမြိုင်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)မှ ရေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ပို့ဆောင်မည့် ဘဏ္ဍာငွေများတင်ဆောင်ထားသည့် မော်တော်ယာဉ် ၂ စီးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါ၍ မော်လမြိုင်-ရေး ကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ ကနင်ကမော့ကျေးရွာအနီးအရောက် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့မှ လမ်း၏ဝဲဘက်တောင်ကုန်းပေါ်နေ၍ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါအကြမ်းဖက်အဖွဲ့မှ ဆုတ်ခွာသွားခဲ့သည်။

အကြမ်းဖက်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်အတွင်း ယာဉ်မောင်း အမျိုးသားတစ်ဦး ကျည်ထိမှန်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့ကာ မော်တော်ယာဉ်တစ်စီး၏ လေကာမှန်ကျည်ထိမှန်ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါ ငွေသယ်ယာဉ်များသည် ဆက်လက်ထွက်ခွာခဲ့ရာ ရေးမြို့သို့ ရောက်ရှိခဲ့ပါသည်။

PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့များ ရပ်တည်နိုင်ရေးအတွက် NUG အကြမ်းဖက်အဖွဲ့၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေရပြီး NUG အဖွဲ့၏ ထောက်ပံ့မှုများမရှိတော့သဖြင့် ငွေကြေးတစ်လုံးတည်းတစ်ခဲတည်းရရှိနိုင်အောင် ယခုကဲ့သို့ ဘဏ်များ၏ ငွေကြေးသယ်ဆောင်သည့် ယာဉ်များအား လုယက်တိုက်ခိုက်ခြင်း၊ မြို့ပေါ်ရှိ ဘဏ်များအား ခြိမ်းခြောက်ခြင်းများကို မကြာခဏလုပ်ဆောင်လျက်ရှိသဖြင့် လိုအပ်သည့် လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **အကြမ်းဖက်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်အတွင်း ယာဉ်မောင်းအမျိုးသား တစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့။**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လက်လုပ်မိုင်း စမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး ၁ ဦးသေဆုံးပြီး ၂ ဦးဒဏ်ရာရရှိ

နိုဝင်ဘာလ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၈ ရပ်ကွက်၊ အိမ်အမှတ် (၂၂) ၌ လက်လုပ်မိုင်းစမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာ ရရှိခဲ့ပါသည်။

မိုင်းပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အပေါ်ထပ်၌ ဂျွန်ဇန်ဗန်ဇျက်လာ(၁၇နှစ်)၊ ကျော်သီဟ(၁၇နှစ်)၊ အောင်ခန့်ပိုင်(၁၇နှစ်)တို့တွင် ပြင်းထန်မိုင်းစထိမှန်ဒဏ်ရာများနှင့်တွေ့ရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သော်လည်း ကျော်သီဟသည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပါသည်။ ထို့နောက် သေဆုံးသူ ကျော်သီဟ၏ နေအိမ်သို့သွားရောက်ရှာဖွေခဲ့ရာ ၁၂ ဗို့ကျည် ၂၆ တောင့်၊ ဖိုက်ဘာဦးထုပ် ၆ လုံး၊ လက်ရိုက်တုတ်တစ်ချောင်းနှင့် အကြမ်းဖက်မှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။

NUG အကြမ်းဖက်အဖွဲ့၏နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းချက်အရ မြို့ပေါ်ရှိလူငယ်လူရွယ်များအနေဖြင့် PDF အမည်ခံအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် လက်လုပ်မိုင်းများပြုလုပ်စဉ် ပေါက်ကွဲမှုအနေဖြင့် မေလ ၅ ရက်မှ နိုဝင်ဘာလ ၂၅ ရက်ထိ ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံး ၁၅ ဦး၊ ပြင်းထန်စွာဒဏ်ရာရရှိသူ ၂၁ ဦး ရှိခဲ့ကြောင်း သိရှိရပါသည်။

ဖမ်းဆီးရမိသူများအား လုပ်ထုံးနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သေဆုံးမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ သေမှုသေခင်းဖွင့်လှစ်ကာ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် လက်လုပ်မိုင်းစမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁ ဦးသေဆုံး၊ ၂ ဦး ဒဏ်ရာရရှိခဲ့။**
- **သေဆုံးသူတရားခံ၏ နေအိမ်သို့သွားရောက်ရှာဖွေခဲ့ရာ ၁၂ ဗို့ကျည် ၂၆ တောင့်၊ ဖိုက်ဘာဦးထုပ် ၆ လုံး၊ လက်ရိုက်တုတ်တစ်ချောင်းနှင့် အကြမ်းဖက်မှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။**

---

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အကြမ်းဖက်သမားများက မြို့နယ်အချို့ရှိ NLD ပါတီဝင်များနှင့် ငွေကြေးထောက်ပံ့ပေးနေသူများအား လုပ်ကြံသတ်ဖြတ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အကြမ်းဖက်သမားများက ၎င်းတို့နှင့်ခံယူချက်ခြင်းမတူတော့ဘဲ လမ်းခွဲခဲ့သည့် မြို့နယ်အချို့ရှိ NLD ပါတီဝင်များနှင့် ငွေကြေးထောက်ပံ့ပေးနေသူများအား နိုဝင်ဘာလ ၂၃ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်မှုများပြုလုပ်ခဲ့ရာ -

- စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သာယာအေးကျေးရွာနေ NLD ပါတီဝန်းရံသူဖြစ်သော ဦးမြင့်ဝင်း(၅၈)နှစ်သည် မိသားစုနှင့်အတူ ၎င်း၏နေအိမ်၌ရှိနေစဉ် အင်ဘုတ်ကျေးရွာနေ ထွန်းတောက်ဇေယျ(၂၂)နှစ်နှင့် မျိုးဦး(၃၆)နှစ်တို့ဦးဆောင်သည့် PDF လက်နက်ကိုင်အကြမ်းဖက်သမား(စိစစ်ဆဲ)တို့က နေအိမ်အတွင်းဝင်ရောက်ပြီး တူမီးသေနတ်များဖြင့်ပစ်ခတ်ကာ ဓားများဖြင့်ဝိုင်းဝန်းထိုးခုတ်ခဲ့မှုကြောင့် ဦးမြင့်ဝင်းနှင့် ဇနီးဖြစ်သူဒေါ်နန်းအေး(၅၇)နှစ်၊ သမီးများဖြစ်ကြသော မယဉ်နွယ်ခိုင်(၃၄)နှစ် (ကိုယ်ဝန်ဆောင်)၊ မလဲ့လဲ့ခိုင်(၂၆)နှစ်နှင့် မခင်ထားနွယ် (၂၅)နှစ်တို့ ငါးဦးမှာ တူမီးကျည်ထိမှန်ဒဏ်ရာများ၊ ထိုးသွင်း၊ ပြတ်ရှဒဏ်ရာများဖြင့် နေအိမ်အတွင်းသေဆုံးခဲ့။
- ခင်ဦးမြို့နယ်၊ ရှားလွင်ကျေးရွာနေ NLD ပါတီဝန်းရံသူ ဦးကျော်ထိန်လင်း(၄၀)နှစ်သည် နေအိမ်၌ရှိနေစဉ် PDF အကြမ်းဖက်သမား ၂၅ ဦးခန့်၎င်း၏နေအိမ်သို့ ရောက်

လာကာ တူမီးသေနတ်များဖြင့်ပစ်ခတ်ပြီး ဓားဖြင့်ဝိုင်းဝန်း ထိုးခုတ်ခဲ့သဖြင့် ၎င်း၏ နေအိမ်ပေါ်၌ထိခိုက်များရရှိကာ သေဆုံးခဲ့။

- ခင်ဦးမြို့နယ်၊ အုန်းပင်ကုန်းကျေးရွာနေ NLD ပါတီဝင် ဦးချစ်ဦး(၄၁)နှစ်အား ကျေးရွာ၏မြောက်ဘက် ၁ မိုင်ခန့် အကွာရှိတောအတွင်း၌ PDF အကြမ်းဖက်သမားများက သတ်ဖြတ်ကာ အလောင်းအားမီးရှို့ခဲ့။
- ခင်ဦးမြို့နယ်၊ ငါးတင်းကြီးကျေးရွာနေ NLD ပါတီဝင် ဒေါ်မင်းထွန်း(ခ) ဂြိုလ်ကောင်(၂၇)နှစ်အား PDF အကြမ်းဖက်သမားများက ၎င်းနေအိမ်၌ သတ်ဖြတ်ခဲ့။

သေဆုံးခဲ့သူများသည် NLD ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများဖြစ်သည့်အပြင် PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ၎င်းအဖွဲ့များအားငွေကြေးထောက်ပံ့ပေးနေသူများဖြစ်၍ ၎င်းတို့အချင်းချင်း ငွေကြေးမထောက်ပံ့တော့သည့်ကိစ္စများ၊ နိုင်ငံရေးခံယူချက် ကွဲလွဲမှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့်လမ်းခွဲကာ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်လာရောက် နေထိုင်သည့်အချိန်၌ PDF အကြမ်းဖက်များက လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်းသိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG အဖွဲ့၏စေခိုင်းချက်အရ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် "ငါနှင့်မတူ ငါ့ရန်သူ" အယူအဆဖြင့် ၎င်းတို့ကို မထောက်ခံသော အပြစ်မဲ့ပြည်သူများကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်မှုများအပြင် "ငါနဲ့တူသော်လည်း ငါခိုင်းတာမလုပ်" ဟူသည့် အကြောင်းပြချက်ဖြင့် ယခင်က ၎င်းတို့ကို ထောက်ခံအားပေးခဲ့သော NLD ပါတီဝင်များ၊ NLD ပါတီထောက်ခံသူများကိုပါ သတ်ဖြတ်မှုပြုလုပ်လာကြောင်း သတင်းရရှိပါသည်။

**(မြဝတီသတင်းစာ ၂၆-၁၁-၂၀၂၁)**

- **စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၌ NLD ပါတီဝန်းရံသူ ကိုယ်ဝန်ဆောင်တစ်ဦးအပါအဝင် (၅) ဦး၊ ခင်ဦးမြို့နယ်တွင် NLD ပါတီဝန်းရံသူ (၁) ဦးနှင့် NLD ပါတီဝင် (၂) ဦး PDF အကြမ်းဖက်များက လုပ်ကြံသတ်ဖြတ်ခဲ့။**
- **သေဆုံးခဲ့သူများသည် NLD ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများဖြစ်သည့်အပြင် PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ၎င်းအဖွဲ့များအား ငွေကြေးထောက်ပံ့ပေးနေသူများဖြစ်၍ ၎င်းတို့အချင်းချင်း ငွေကြေးမထောက်ပံ့တော့သည့်ကိစ္စများ၊ နိုင်ငံရေးခံယူချက်ကွဲလွဲမှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့်လမ်းခွဲကာ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်လာရောက်နေထိုင်သည့်အချိန်၌ PDF အကြမ်းဖက်များက လုပ်ကြံသတ်ဖြတ်ခဲ့။**